# မင်းပိုင်

## မရမ်းတလင်း လက်ဆောင်

## ဂမ္ဘီရယတြာများ



# ရွတ်လိုက်ကြ သမ္ဗုဒ္ဓေ

'သမ္ဗုဒ္ဓေ'ဂါထာသည် လွန်စွာ အစွမ်းထက်ကြောင်း လူတိုင်းသိ၏။ သို့ရာတွင် သမ္ဗုဒ္ဓေ ဂါထာကို တစ်မျိုးတည်းရှိသည် ဟု ထင်မှတ်နေကြ၏။ အမှန်စင်စစ်အားဖြင့် သမ္ဗုဒ္ဓေဂါထာ (၅) မျိုး ရှိ၏။ သုဝဏ္ဏဘုမ္မိ သမ္ဗုဒ္ဓေဂါထာ (ခေါ်) မြောက်ကျွန်း သမ္ဗုဒ္ဓေဂါထာတော်ကြီးမှာ အစွမ်းထက်မြက် ဆုံး ဖြစ်၏။ ထိုသမ္ဗုဒ္ဓေကိုရွတ်၍ ထွက်ရပ်ပေါက်သူများ များစွာပေါ်ပေါက်ခဲ့သောကြောင့် 'ရှင်အရဟံ' သည် နိဗ္ဗာန်ရောက်ကြောင်းတရားကို စိတ်မဝင်စားဘဲ ဝိဇ္ဇာလမ်းကို စိတ်ဝင်စားကုန်မည်စိုးသောကြောင့် ထိုသမ္ဗုဒ္ဓေကို ကွယ်ခဲ့၏။ တောင်တွင်းကြီးမြို့၊ လက်ပံကျောင်းဆရာတော်က သူ၏ တပည့် ဘုန်းကြီးကျောင်းသားလေး မောင်အောင်ကို ချီးမြှင့်ပေးသနားတော်မူ၏။ ၎င်း ဘုန်းကြီးကျောင်းသားလေးမောင်အောင်သည် ဆရာတော်ပေးသော သမ္ဗုဒ္ဓေဂါထာကို စွဲမြဲစွာ ပုတီး စိပ်ခဲ့သောကြောင့် ထွက်ရပ်ပေါက်ခဲ့၏။ ထိုသမ္ဗုဒ္ဓေဂါထာသည် အန္တရာယ်တွေ့သောအခါ (၉) ခေါက် ရွတ်နေရုံနှင့် အန္တရာယ်မှ ကင်းလွတ်၏။ တစ်စုံတစ်ခုလိုအပ်သောအခါ၌ (၁၇)ခေါက် ရွတ်ဆိုဆုတောင်းရ၏။ ရေကို (၉)ခေါက်မန်း၍ မျက်နှာသစ်သော် မျက်နှာမြင်သူတိုင်း ချစ်ခင်၏။ ကျွေးချင် မွေးချင်စိတ်ပေါ်၏။ ကျန်းမာရေးညံ့လျှင် ရေ၊ အစားအသောက်တို့ ကို (၈) ခေါက်မန်း၍ စားရ၏။ သောက်ရ၏။ ဤဂါထာတော်၏ အကျိုးကိုရေးလျှင် ကျမ်းစာအုပ်ကြီး တစ်အုပ်ဖြစ်ဖွယ်ရာရှိ

၏။ ထို့ကြောင့် မရေးတော့ပေ။ ဂါထာကိုသာ ဖော်ပြလိုက်သည် ။ ဉာဏ်ရှိသလိုသာ သုံးပေတော့။

## သုဝဏ္ဏဘုမ္မိ သမ္ဗုဒ္ဓေဂါထာတော်ကြီး

သမ္ဗုဒ္ဓေ အဋ္ဌဝိသဉ္စ၊ ဒွါဒါသဉ္စ သဟဿကေ။

ပဉ္စသတ သဟဿနိ၊ ဂင်္ဂါယံ ဝါဠုကာ စုဏ္ဏော။

ပရာဓေတွာ ဗဟု ဖုလ္လော၊ နမာမိ သိရသာမဟံ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

နမတ္တရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။

အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

******

## ဘာရောင်းချင်သလဲ ...
## ဒါလေးများ ...၊ ဒီလိုလုပ်လိုက်ပါလား ...

သင်သည် အကယ်၍ အိမ်ကိုရောင်းလိုသည် ။ ထိုရောင်းရငွေဖြင့် သားကလေးကို နိုင်ငံခြားသို့ ပို့ရန် ရည်ရွယ်ထား၏။ သို့ရာတွင် အိမ်ကို ရောင်းရခက်နေ၏။ ဝယ်မည့်သူ၊ ကြည့်မည့်သူ မလာဘဲ ရှိနေ၏။ ထို့ကြောင့် အိမ်ဖြစ်စေ၊ ကားဖြစ်စေ၊ ဆိုင်ဖြစ်စေ၊ အလွယ်တကူရောင်း ရသော ဓာတ်ရိုက် ဓာတ်ဆင်နည်းကလေးကို ဖော်ပြလိုက်ပါသည် ။ ထို နည်းကလေးသည် သင့်အတွက် များ စွာ အသုံးဝင်ပေလိမ့်မည်။ ကျွန်ုပ် တို့ ၏ ခြံသို့ "ဦးကျင်သိန်း" ဆိုသူ ရောက် လာပြီးလျှင် သူ၏ ကား (၁၁) စီးကို ရောင်းရန်ပြော၏။ ကျွန်ုပ်သည် ဤနည်းဖြင့် ဓာတ်ရိုက်ပေးရာ ၎ င်း၏ ကား (၁၁) စီးသည် နောက်တစ်နေ့တွင် အကုန်ထွက်ကုန်၏။ ထို့ကြောင့် အကြောင်းရှိလျှင် သုံးနိုင်ရန်အတွက် ဤနည်း ကို ဆရာစား မချန်ဘဲ ဖော်ပြလိုက်ပါသည် ။

[illegible]

[illegible]

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ |
| ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ |
| ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ |
| ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ |

| | |
|---|---|
| တနင်္ဂနွေနံ့ရောင်းလိုသော် | လောက်သေ(သို့)သရက် |
| တနင်္လာနံ့ရောင်းလိုသော် | ပိတောက် (သို့) တမာ |
| အင်္ဂါနံ့ရောင်းလိုသော် | သစ်အယ် (သို့)အင်သား |
| ဗုဒ္ဓဟူးနံ့ရောင်းလိုသော် | နေကြာ (သို့) ခန်းကြီး |
| ကြာသာပတေးနံ့ရောင်းလိုသော် | ဩဇာ |
| သောကြာနံ့ရောင်းလိုသော် | ခရေ |
| စနေနံ့ရောင်းလိုသော် | စိန်ပန်း |

ဖော်ပြထားသောပန်းဖြင့် ရောင်းလိုသောပစ္စည်းကို လက်တစ်ချောင်းရိုက်ပါ။ ပါးစပ်ကလည်း ထွက်-ထွက် ဟု အမိန့်ပြန်ပါ။

အသက်ရာကျော်နေမလား ...

ဒီယတြာလုပ်ပါလား ...

## တစ်နှစ်တစ်ခါ မွေးနေ့အရောက်တွင် အသက်ရှည်စေရန် ပြုလုပ်ရသော

## အသက်ဆက်ယတြာ

အသက်ကိုတည် (၄) နှင့် မြှောက်ပါ။ ၎င်းအရေအတွက်ကို တံခွန်လုံးအဖြစ် လှူပါ။ ၎င်းတံခွန်လုံးကို (၃) ဖြင့် မြှောက်ပါ။ ရသော အရေအတွက်ကို ပန်းပွင့်အဖြစ် လှူပါ။ ၎င်းပန်းပွင့်ကို (၉) ဖြင့် မြှောက်ပါ။ ရသောအရေအတွက်ကို ပေါက်ပွင့်အဖြစ် လှူပါ။ လှူရမည့်ဘုရားမှာ အသက်ကို (၇) ဖြင့် စားပါ။ အကြွင်းနံ့တူဘုရားကို လှူပါ။

| | | |
|---|---|---|
| ၁ ကြွင်းသော် | ... | အိမ်တော်ရာဘုရား |
| ၂ ကြွင်းသော် | ... | ကျိုက္ကဆံဘုရား |
| ၃ ကြွင်းသော် | ... | ဆူးလေဘုရား |
| ၄ ကြွင်းသော် | ... | ရွှေတိဂုံဘုရား |
| ၅ ကြွင်းသော် | ... | မယ်လမုဘုရား |

၆ ကြွင်းသော် ... သွန်းဘုရားကြီး

၇ ကြွင်းသော် ... ဓာတ်ပေါင်းစုဘုရား

ဟူ၍ ဖြစ်ပါသည် ။

## တစ်နှစ်တစ်ခါ မွေးနေ့အရောက်တွင် အသက်ရှည်စေရန် ပြုလုပ်ရသော အသက်ဆက်သဘြာ

အသက်ကိုတည်(၄)နှင့် မြှောက်ပါ။ ၄င်းအရည်အတွက်ကို တံခွန်လုံး အဖြစ်လှူပါ။ ၄င်းတံခွန်လုံးကို (၃)ဖြင့်မြှောက်ပါ။ ရသော အရေအတွက်ကို ပန်းပွင့်အဖြစ်လှူပါ။ ၄င်းပန်းပွင့်ကို (၉)ဖြင့် မြှောက်ပါ။ ရသော အရေအတွက်ကို ပေါက်ပေါက် ပွင့်အဖြစ်လှူပါ။ လှူရမည့်ဘုရားမှာ အသက်ကို(၇)ဖြင့် စားပါ။ အကြွင်း နံ့တူ ဘုရားကို လှူပါ။

| | | | |
|---|---|---|---|
| ၁ | ကြွင်းသော် | - | အိမ်တော်ရာဘုရား |
| ၂ | ကြွင်းသော် | - | ကျိုက္ကဆံဘုရား |
| ၃ | ကြွင်းသော် | - | ဆူးလေဘုရား |
| ၄ | ကြွင်းသော် | - | ရွှေတိဂုံဘုရား |
| ၅ | ကြွင်းသော် | - | မယ်လမုဘုရား |
| ၆ | ကြွင်းသော် | - | သွန်းဘုရားကြီး |
| ဝ | ကြွင်းသော် | - | ဓာတ်ပေါင်းစုဘုရား |

ဟူ၍ ဖြစ်ပါသည်။

## လုပ်ငန်းတွေ ပျက်နေသလား ...
## မုန့်လုံးရေပေါ် လှူပါလား ...

သင်သည် အလုပ်ကို ကြိုးစား၍ လုပ်ကိုင်၏။ သို့ရာတွင် သင်၏ အလုပ်သည် အောင်မြင်မှု မရှိဘဲ ဆုံးရှုံးမှုများ နှင့် ကြုံတွေ့နေရ၏။ သင်၏ စီးပွားရေးလုပ်ငန်းသည် ဦးမော့မလာဘဲ နစ်မြုပ်နေ ၏။ အလွယ်ပြောရ ပါမူ သင်သည် လော့်ရင်း နစ်နေ၏။

ထိုအခါမျိုးတွင် သင်၏ အသက်ကို (၄) ဖြင့် မြှောက်ပါ။ ရသောအ ရေအတွက်ကို မုန့်လုံး ရေပေါ်လုပ်ပါ။ ထိုအထဲမှ မုန့်လုံးရေပေါ် (၁၀) လုံးကို နံနက် (၁၀) နာရီတိတိတွင် အိမ်၏ ဘုရားတွင် လှူပါ။

သင်၏ အသက်ကို (၇) ဖြင့် စားပါ ...

၁ ကြွင်းလျှင် ... တနင်္ဂနွေနေ့တွင် ပြုလုပ်ပါ။

၂ ကြွင်းလျှင် ... တနင်္လာနေ့တွင် ပြုလုပ်ပါ။

၃ ကြွင်းလျှင် ... အင်္ဂါနေ့တွင် ပြုလုပ်ပါ။

၄ ကြွင်းလျှင် ... ဗုဒ္ဓဟူးနေ့တွင် ပြုလုပ်ပါ။

၅ ကြွင်းလျှင် ... ကြာသပတေးနေ့တွင် ပြုလုပ်ပါ။

၆ ကြွင်းလျှင် ... သောကြာနေ့တွင် ပြုလုပ်ပါ။

အကြွင်းမရှိဘဲ ပြတ်သွားလျှင်...          စနေနေ့တွင် ပြုလုပ်ပါ။

(၁၀) လုံးတိတိကို မြတ်စွာဘုရားအား ကပ်လှူပြီးလျှင် ပိုသောမုန့်လုံးများကို အိမ်နီးချင်း များအား ဝေလိုက်ပါ။ ဤယတြာမှာ ကုန်းဘောင်ခေတ်တွင် အသုံးပြုခဲ့သော ရှေးယတြာဖြစ်ပါသည် ။ ထိုယတြာလုပ်ပြီးသည် နှင့် နစ်မြုပ်နေသော သင်၏ စီးပွားရေးလုပ်ငန်းသည် ဦးမော့လာပေလိမ့်မည်။

ဥပမာ၊

သင်သည် အသက် (၄၀) ရှိသည် ဆိုပါစို့၊

(၄) နှင့် မြှောက်လိုက်လျှင် (၁၆၀) ရမည်။

မုန့်လုံးရေပေါ် (၁၆၀) လုပ်ရမည်။

ထိုအနက်မှ (၁၀) လုံးကို မြတ်စွာဘုရားအား ကပ်လှူရမည်။ ပိုသော (၁၅၀) ကို အိမ်နီးချင်း အား ဝေရမည်။

အသက် **(၄၀) ကို (၇) ဖြင့် စားလျှင်** (၅) ကြွင်းသည် ။

ထို့ကြောင့် **ထိုယတြာကို ကြာသပတေးနေ့**၊ နံနက် (၁၀) နာရီတွင် ပြုလုပ်ရမည်။

မည်သူမဆို ထိုယတြာကို ပြုလုပ်သောအခါ နံနက် (၁၀) နာရီတိတိတွင် ပြုလုပ်ရမည်။ အလွန်ထူးခြားသော ယတြာဖြစ်သည် ။ စီးပွားရေးလော့ရင်းနစ်နေသူများ ပြုလုပ်သင့်သည် ။

******